

# ပိုင်ဆိုင်ပတ်သက်ခြင်း၊ ဖြစ်တည်ခြင်းနှင့် ဖြစ်ထွန်းလာခြင်း

## သြစတြေးလျအတွက် အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်





# BELONGING, BEING & BECOMING

## An Early Years Learning Framework for Australia

မိသားစုများအတွက် သတင်းအချက်အလက်

Burmese

# အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်

## မွေးကင်းစမှ ငါးနှစ်အရွယ် ကလေးများအတွက် နိုင်ငံလုံးဆိုင်ရာ အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်သစ်

### သင်ယူမှုလမ်းစဉ်သစ် ဟူသည်မှာ အဘယ်နည်း။

သင့်ကလေးများအနေဖြင့် ငယ်ရွယ်စဉ်နှစ်များအတွင်း အရည်အသွေးမီသော ပညာရေးအစီအစဉ်များ ရရှိနိုင်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်ကို ဖော်ထုတ်လိုက်သည်။ ဤအချိန်သည် ကလေးများ သင်ယူရန်နှင့် ဖွံ့ဖြိုးရန်အတွက် အရေးပါဆုံးအချိန်ဖြစ်သည်။

သင်ယူမှုလမ်းစဉ်၏ အမြင်မှာ ကလေးများအားလုံးအနေဖြင့် ဆွဲဆောင်မှုရှိပြီး ဘဝအောင်မြင်မှုကို ဖန်တီးပေးနိုင်သော သင်ယူမှုကို တွေ့ကြုံရရှိနိုင်ရန်ဖြစ်သည်။

ဤသည်မှာ မွေးကင်းစမှ ငါးနှစ်အရွယ် ကလေးများကို ပညာသင်ကြားပေးနေသော သူများအတွက် လမ်းညွှန်ချက် ဖြစ်သည်။ သူတို့အနေဖြင့် မိသားစုများ (ကလေးများ၏ ပထမဦးဆုံးနှင့် သြဇာသက်ရောက်မှုအရှိဆုံးသော သင်ကြားပေးသူများ) နှင့် ပူးပေါင်း၍ ဤသင်ယူမှုလမ်းစဉ်ကိုအသုံးချပြီး ကလေးများ၏ အကြံဉာဏ်များ၊ စိတ်ပါဝင်စားမှုများ၊ အားသာချက်များ၊ စွမ်းဆောင်နိုင်မှုများနှင့် ကိုက်ညီပြီး ကလေးများ ကစားရာမှ သင်ယူနိုင်သည်ဆိုခြင်းကို အသိအမှတ်ပြုသော သင်ယူမှုအစီအစဉ်များကို ဖော်ထုတ်လိမ့်မည်။



အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်က ကလေးဘဝကို *ပိုင်ဆိုင်ပတ်သက်ခြင်း*၊ *ဖြစ်တည်ခြင်း* နှင့် *ဖြစ်ထွန်းလာခြင်း* ဆိုသည့် အချိန်အဖြစ် သတ်မှတ်သည်။

- **ပိုင်ဆိုင်ပတ်သက်ခြင်း** ဟူသည် ပြည့်ဝသောဘဝအတွက် အခြေခံဖြစ်သည်။ ကလေးများအနေဖြင့် သူတို့၏ မိသားစု၊ လူ့အသိုင်းအဝန်း၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်တို့နှင့် ထိတွေ့ဆက်ဆံရာမှ *ပိုင်ဆိုင်ပတ်သက်သည်ဟု* ခံစားလာရသည်။
- **ဖြစ်တည်ခြင်း** ဟူသည်မှာ ဤနေရာ ဤအချိန်တွင် နေထိုင်ခြင်းကို ဆိုလိုသည်။ ကလေးအရွယ်သည် ဘဝတွင် အရေးပါသည့်ကာလဖြစ်ပြီး ကလေးများအနေဖြင့် ဖြစ်တည်ချိန် (ကစားရန်အချိန်၊ အရာသစ်များကို စူးစမ်းသည့်အချိန်နှင့် ပျော်ရွှင်သည့်အချိန်) လိုအပ်သည်။
- **ဖြစ်ထွန်းလာခြင်း** ဟူသည်မှာ ကလေးငယ်များ တွေ့ကြုံရသော သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်သည်။ ကလေးများအနေဖြင့် အစောပိုင်းအရွယ်ကပင် သူတို့၏ ကိုယ်ပိုင်ခံယူချက်များကို ဆောက်တည်တတ်ပြီး၊ ယင်းကိုယ်ပိုင်ခံယူချက်များက သူတို့ မည်ကဲ့သို့ လူကြီးများ ဖြစ်လာမည်ဆိုသည်ကို ပုံဖော်ပေးသည်။



## “ကျွန်ုပ်၏ကလေးကို တီထွင်ဆန်းသစ်စွာ ကစားနိုင်သည့် အခွင့်အရေးများစွာ ရရှိစေလိုသည်”

## ကစားခြင်းသည် သင်ယူခြင်း

ကစားခြင်းသည် ကလေးများအတွက် မွေးဖွားခါစကပင်စ၍ အလွန်အရေးပါသည်။ ကစားသည့်အခါ ဆက်သွယ်၊ ရှာဖွေ၊ စိတ်ကူး၊ ဖန်တီးခြင်းဖြင့် မွေးကင်းစများနှင့် ကလေးငယ်များသည် သူတို့ပတ်ဝန်းကျင်ကမ္ဘာကို နားလည်အောင် စူးစမ်းသင်ယူကြသည်။

ကလေးများကစားသည့်အခါ သူတို့ မည်သည့်အရာများကို သင်ယူပြီးကြောင်းနှင့် မည်သည့်အရာများကို နားလည်ရန် ကြိုးစားနေသည်ကို ပြဆိုတတ်ကြသည်။ ထို့အတွက်ကြောင့် ကစားခြင်းသည် အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်။

ဤသင်ယူမှုလမ်းစဉ်ကို အသုံးချ၍ သင်ကြားပို့ချသူများသည် သင်ယူမှုလုပ်ရှားမှုများကို ပုံစံရေးဆွဲခြင်း၊ အိမ်တွင်းအိမ်ပြင် သင်ယူမှုဝန်းကျင်ကို လှုံ့ဆော်ခြင်းတို့ဖြင့် သင့်ကလေး၏ ကစားခြင်းကို လမ်းညွှန်ပေးလိမ့်မည်။



## ဆက်ဆံမှုသည် အခရာဖြစ်သည်

ဂရုစိုက်မှုပေးသည့် လူကြီးများနှင့် ဆက်ဆံမှုများသည် လုံခြုံစိတ်ချရသောအခါ ကလေးများအနေဖြင့် အကောင်းဆုံးသင်ယူနိုင်သည် ဆိုသည့်အချက်ကို ကောင်းစွာသိရှိပြီး ဖြစ်သည်။ အစောပိုင်းကလေးအရွယ်တွင် ယုံကြည်စိတ်ချရသော ဆက်ဆံမှုများကို ဖြစ်ပေါ်စေသည့်အခါ ကလေးများအနေဖြင့် မိမိကိုယ်ကိုယုံကြည်မှု ပိုမိုလာပြီး စူးစမ်းသင်ယူနိုင်လာကြသည်။

အစောပိုင်းကလေးအရွယ်၌ ကလေးများအနေဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု ရှိပါက အခြားသူများနှင့် ပြေပြစ်စွာဆက်ဆံရန် လိုအပ်သည့် အတတ်ပညာနှင့် အသိတရားများ ရရှိလာနိုင်ပြီး တာဝန်ယူတတ်သည့်စိတ်ကို တဖြည်းဖြည်း သင်ယူရရှိလာလိမ့်မည်။

## မည်သို့ဆောင်ရွက်လိမ့်မည်နည်း

သင်ကြားပို့ချသူများသည် အစောပိုင်းကလေးအရွယ်၌ သင့်ကလေးအနေဖြင့် အရည်အသွေးမြင့်မားသော အတွေ့အကြုံကို ရရှိစေရန် Long Day Care ၊ Preschools နှင့် Family Day Care ကဲ့သို့သော ဝန်ဆောင်မှုအမျိုးမျိုးတွင် ဤသင်ယူမှုလမ်းစဉ်သစ်ကို အသုံးချမည်။ အတွေ့အကြုံရှိသော အစောပိုင်းကလေးအရွယ် သင်ကြားပို့ချသူများ၊ ပညာရှင်များ၊ မိဘများနှင့် ကလေးစောင့်ရှောက်သူများက ဤသင်ယူမှုလမ်းစဉ်သစ်ကို ဖော်ထုတ်၍ စမ်းသပ်ခဲ့ပြီးဖြစ်သည်။

သင်ယူမှုလမ်းစဉ်သည် သင့်ကလေး၏ သင်ယူမှုအပေါ် အာရုံစိုက်သည်။ သင်ကြားပို့ချသူများသည် သင့်ကလေးနှင့် ရင်းနှီးမှုရရန် သင်နှင့်အတူ ပူးပေါင်းဆောင်ရွက်လိမ့်မည်။ သင်ကြားပို့ချသူများသည် သင့်ကလေး၏ စိတ်ပါဝင်စားမှုများနှင့် စွမ်းဆောင်နိုင်မှုများပေါ် မူတည်၍ သင်ယူမှုအစီအစဉ်တစ်ခုကို ဖော်ထုတ်ကာ သင့်ကလေး၏ တိုးတက်မှုနှင့် ပတ်သက်ပြီး သင်နှင့်အစဉ် ထိတွေ့နေလိမ့်မည်။

သင်ယူမှုလမ်းစဉ်၏ ရည်မှန်းချက်ငါးချက်အပေါ် မူတည်၍ သင်ကြားပို့ချသူများက မြှင့်တင်ပေးမည့် အရာများမှာ သင့်ကလေး၏

- ခိုင်မာသော ကိုယ်ပိုင်ခံယူချက်များ
- ပတ်ဝန်းကျင်ကမ္ဘာနှင့် ဆက်သွယ်မှုများ
- ကောင်းကျိုးချမ်းသာရှိသည်ဟု ခံယူသည့်စိတ်ထား ခိုင်မာခြင်း
- မိမိကိုယ်ကိုယုံကြည်မှုနှင့် သင်ကြားမှုတွင် ပါဝင်ပတ်သက်ခြင်း နှင့်
- ထိရောက်သော ပြောဆိုဆက်ဆံမှုစွမ်းရည် တို့ဖြစ်သည်။

> "သင်ယူမှု၏ ရလဒ်များသည် ကောင်းကျိုးများဖြစ်၍ ကျွန်ုပ်၏ ကလေး မည်ကဲ့သို့ တိုးတက်မှု ရှိသည်ကို တွေးတောနိုင်ရန် ကူညီပေးသည်"



## သင့်ကလေး၏ တိုးတက်မှုကို စောင့်ကြည့်ခြင်း

သင်ကြားပို့ချသူများသည်  အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်ကို အသုံးချ၍ သင်ယူမှုအပေါ် အခြေခံ၍ ရှေ့ဆက်ရမည့်အဆင့်များကို ချမှတ်ရန် သင့်ကလေး၏ သင်ယူမှုကို စောင့်ကြပ်ကြည့်ရှုလိမ့်မည်။ ထိုသို့ပြုလုပ်ရန် သင့်ကလေးကို နားထောင်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် စကားပြောခြင်းတို့ကို ဆောင်ရွက်လိမ့်မည်။

သင့်ကလေး၏ တိုးတက်မှုကို ဆွေးနွေးရန် သင်ကြားပို့ချသူများသည် သင်နှင့်ပုံမှန် ဆက်သွယ်လိမ့်မည်။ သင့်ကလေး သင်ယူသည့်အရာများ၊ တိုးတက်လာပုံနှင့် စိတ်ဝင်စားသည့်အရာများကို ပြသရန်အတွက် သူတို့အနေဖြင့် ဓာတ်ပုံများသုံးခြင်း သို့မဟုတ် သင့်ကလေး၏ လေ့ကျင့်ခန်းလက်ရာများကို သိမ်းဆည်းထားခြင်းတို့ ပြုနိုင်သည်။

သင့်ကလေး ကျောင်းစမတက်မီ သင်ကြားပို့ချသူများသည် ဆရာသစ်နှင့် တိုင်ပင်ရန်အတွက် သင့်ကလေး၏ သင်ယူမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအကြောင်းကို ပြုစုရေးသားလိမ့်မည်။ ဤသို့ပြုမူခြင်းဖြင့် သင့်ကလေး၏ ကျောင်းသစ်သည် သင့်ကလေး ဆက်လက်သင်ယူနိုင်ရန်အတွက် အဆင်သင့်ဖြစ်နေလိမ့်မည်။




“အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်သည် ကလေးထိန်းကျောင်းရှိ ဝန်ထမ်းများ မည်မျှကျွမ်းကျင်သည် ဆိုသည်နှင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိသားစုအတွက် အလွန်အထောက်အကူဖြစ်စေသည် ဆိုသည်ကို နားလည်လာစေရန် ကူညီပေးသည်”

## ပူးပေါင်းဆောင်ရွက်ခြင်း

ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိဘများနှင့် သင်ကြားပို့ချသူများအနေဖြင့် ကလေး၏ သင်ယူမှုနှင့် ကောင်းကျိုးချမ်းသာကို မြှင့်တင်ပေးနိုင်လိမ့်မည်။

သင့်ကလေး၏ အစောပိုင်းအရွယ် သင်ကြားပို့ချသူများနှင့် ပုံမှန်စကားပြောဆိုခြင်းနှင့် သင့်ကလေး၏ သင်ယူမှုအပေါ် စိတ်ပါဝင်စားမှုပြသခြင်းဖြင့် သင့်ကလေး၏ ဘဝတွင် အရေးပါဆုံးသောသူတစ်ရောက်အနေဖြင့် သင်က ကွာခြားမှုပေးနိုင်လိမ့်မည်။

သင်ပေးအပ်သော သတင်းအချက်အလက်များက သင့်ကလေး၏ နေအိမ်ရှိအတွေ့အကြုံများနှင့် အစောပိုင်းအရွယ် သင်ကြားပို့ချသူများ နှင့်ရှိနေသည့် အချိန်များကို ဆက်စပ်ပေးနိုင်လိမ့်မည်။





# ပိုမိုသိရှိနိုင်ရန်

ယခုစာစောင်သည် အစောပိုင်းကလေးအရွယ် သင်ယူမှုလမ်းစဉ်ကို မိတ်ဆက်ခြင်းဖြစ်သည်။

ပိုမိုသိရှိနိုင်ရန် **deewr.gov.au/earlychildhood** သို့သွားပါ သို့မဟုတ် သင့်ကလေး၏ အစောပိုင်းအရွယ် သင်ကြားပို့ချသူများကို မေးမြန်းပါ။

Produced by the Australian Government Department of Education, Employment and Workplace Relations for the Council of Australian Governments.

A09-057



